# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 11 , 2023 Volume 62, Number 7


၁၁.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၈၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၂၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၈.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံဈေးကွက်သို့ဝင်ရောက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတက်ရောက်


https://www.commerce.gov.mm

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍ အာဆီယံ-ဂျပန်စင်တာ၏ ကူညီပံ့ပိုးမှုဖြင့် ဂျပန်နိုင်ငံ၏ စံချိန်စံညွှန်းများနှင့်အညီ မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်ဈေးကွက်သို့ ထုတ်လုပ်တင်ပို့ရောင်းချမှု မြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန် တွင် နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးမင်းမင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အာဆီယံ-ဂျပန်စင်တာ အတွင်းရေးမှူးချုပ်ကိုယ်စား Senior Executive Officer Dr.Yuka Kubota က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကာ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါ်နေဉ်မူတာကပေါနှင့် ညွှန်ကြားရေးမှူး၊ ဒေါက်တာ သက်လွင်ဦးတို့က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ဂျပန်ဈေးကွက်သို့ တင်ပို့ရန် အလားအလာရှိသော စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ဝဥ၊ ဂျင်း၊ တိုင်းရင်းဆေး၊ ဟင်းသီးဟင်းရွက်နှင့်နှမ်းထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ဒုတိယပိုင်းအစီအစဉ်အဖြစ် ဂျပန်ဈေးကွက်သို့ လယ်ယာထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ၎င်းတို့၏အတွေ့အကြုံများကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ မေးမြန်းသည့် မေးခွန်းများကို ပြန်လည် ဖြေကြားခဲ့သည်။ ၎င်းနောက် သီးနှံအုပ်စုအလိုက် အစုအဖွဲ့များမှ ဂျပန်ဈေးကွက် ဝင်ရောက်နိုင်ရေး အားသာချက်၊ အားနည်းချက်များနှင့် ဆောင်ရွက်ရန်အချက် များကို ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အာဆီယံ-ဂျပန်စင်တာမှ ကိုယ်စားလှယ်များနှင့် ရှမ်းပြည်နယ် တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ရွာငံ၊

နောင်တရားမြို့၊ ကယားပြည်နယ် ဖယ်ခုံမြို့နယ်၊ မကွေးတိုင်း၊ နေပြည်တော်တို့မှ လယ်ယာထွက်ကုန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC

## ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်ရွှေအသင်းက တစ်ကျပ်သားလျှင် ကျပ် ၂၂၀၄၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ပြည်တွင်းရွှေဈေး ကျပ် ၂၇၉၀၀၀၀ ဝန်းကျင်ရှိနေ



https://news-eleven.com/article/242880

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ရန်ကုန်ရွှေအသင်းက တစ်ကျပ်သားလျှင် ကျပ် ၂၂၀၄၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ပြီး ပြင်ပဈေးကွက်၌ ပြည်တွင်းရွှေဈေး ကျပ် ၂၇၉၀၀၀၀ ဝန်းကျင်ရှိနေကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

စက်တင်ဘာ ၂၆ ရက် ပြင်ပဈေးကွက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၂၇၆၀၀၀၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့သော်လည်း ရန်ကုန်ရွှေအသင်းက တစ်ကျပ်သားလျှင် ကျပ် ၁၉၃၇၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁၀ ရက်တွင် အခေါက်ရွှေဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၃၁၁၀၀၀၀ ဝန်းကျင်ဖြင့် စတင်ဈေးဖွင့်ခဲ့ပြီး၊ ကျပ် ၃၁၃၀၀၀၀ သိန်းဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့ကာ အနိမ့်ဆုံး ကျပ် ၃၁၀၀၀၀၀ သိန်းနှင့် အမြင့်ဆုံး ကျပ် ၃၁၃၀၀၀၀ သိန်း ဝန်းကျင်ရှိခဲ့ကြောင်း သိရသည်။

စံချိန်တင်ဈေးနှုန်းအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် အခေါက်ရွှေဈေး နှုန်းမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆ သိန်းသို့ ရောက်ရှိ ခဲ့ပြီး၊ ဩဂုတ် ၁၃ တစ်ရက်တည်းတွင် နံနက်ပိုင်း၌ ၂၇ သိန်း၊ နေ့လည်ပိုင်းတွင် ၂၈ သိန်း ကျော်အထိ စံချိန်တင် မြင့်တက်ခဲ့ပြီး ၊ ဩဂုတ် ၃၁ ရက်က ၃၆၇၀၀၀၀ ထိ စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှစ၍၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန် တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တို ဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော် အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ် လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

ရွှေဈေးနှုန်းအား သတ်မှတ်နိုင်ငံခြားငွေ လဲနှုန်းအပေါ်မူတည်၍ အရောင်းအဝယ်ပြုလုပ်ရန် ညွှန်ကြားထားသော်လည်း ရွှေဆိုင်အများစုမှာ ပြင်ပပေါက်ဈေးဖြင့်သာအရောင်း အဝယ်ပြုလုပ်နေကြကြောင်းသိရသည်။ လက်ရှိတွင် ရွှေအရောင်းဆိုင်များတွင် အဆိုပါသတ်မှတ်ဈေးနှုန်းအား အရောင်းဘောက်ချာတွင်သာရေး၍ ရောင်းချခြင်းဖြစ်ပြီး လက်တွေ့ဝယ်ယူရာတွင် ပြင်ပပေါက်ဈေးဖြင့်သာ ပေးချေဝယ်ယူနေရခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/242880

## တာချီလိတ်စခန်းမှ ဘိလပ်မြေနှင့်စက်သုံးဆီ အများဆုံးတင်သွင်းလျက်ရှိ

တာချီလိတ်ဒေသသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဒေသတွင်းတည်ဆောက်ရေးလုပ်ငန်းများ အသုံးပြုရန်အတွက် ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်းကောင်း၊ ဒေသတွင်းသွားလာရာတွင် အဆင်ပြေစေရန်အတွက် စက်သုံးဆီများကိုလည်းကောင်း တစ်ဖက်ထိုင်းနိုင်ငံမှ တင်သွင်းလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ပထမအပတ်တွင် သွင်းကုန်အနေဖြင့် အများဆုံးတင်သွင်းမှုမှာ ဘိလပ်မြေ (၂၉၁၉.၃၅၀) တန်၊ တန်ဖိုးအမေရိကန် ဒေါ်လာသန်း (၀.၂၃၃) သန်းနှင့် စက်သုံးဆီ (၁၉၄၅ BBL)၊ တန်ဖိုး အမေရိကန်ဒေါ်လာသန်း (၀.၂၁၉) သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများကို များပြားစွာဆောင်ရွက်နေသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းမှုပိုမိုလာနိုင်ကြောင်း ကုန်သည်လုပ်ငန်းရှင်များ ပြောကြားချက်အရ သိရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## တရုတ်နိုင်ငံက နယ်စပ်များကိုဖွင့်လှစ်ပြီးနောက် စက်သုံးဆီပမာဏအများအပြားတင်သွင်းမည်

တရုတ်အစိုးရက ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်များကိုပိတ်ထားတာ သုံးနှစ်နီးပါးကြာပြီးနောက် အခုတော့ နယ်စပ်များကို ပြန်ဖွင့်လိုက်ပါပြီ။

အခုလိုနယ်စပ်များကိုပြန်ဖွင့်လိုက်ချိန်မှာပဲ ပုဂ္ဂလိကရေနံချက်စက်ရုံများအနေနဲ့ တင်သွင်းဖို့အတွက် အလွန်များပြားတဲ့ ရေနံစိမ်းပမာဏကို တာဝန်ရှိသူများက သတ်မှတ်ပေးလိုက်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံရဲ့နယ်စပ်ဝင်ပေါက်များကို ပြန်ဖွင့်ပေးခြင်းနဲ့အတူ သူတို့ရဲ့ စက်သုံးဆီဝယ်လိုအားကလည်း မကြာမီအချိန်မှာ အတိုင်းအတာတစ်ခုအထိ မြင့်တက်လာတော့မှာပါ။

တရုတ်အစိုးရ တာဝန်ရှိသူများက ပုဂ္ဂလိကရေနံချက်စက်ရုံ ၄၄ လုံးအတွက် တင်သွင်းနိုင်တဲ့ ရေနံစိမ်းပမာဏကို ယခုအသုတ်အတွက် မက်ထရစ်တန်ချိန် ၁၁၁ ဒသမ ၈၂ သန်းအထိ သတ်မှတ်ပေးလိုက်တာဖြစ်တယ်လို့ ကုန်သည်များက ဇန်နဝါရီ ၉ ရက်မှာပြောပါတယ်။

တရုတ်နိုင်ငံမှာရှိတဲ့ ပုဂ္ဂလိကရေနံချက်စက်ရုံများအနေနဲ့ သူတို့အတွက်လိုအပ်တဲ့ရေနံစိမ်းတွေကို အသုတ်လိုက်ခွဲပြီး မှာယူတင်သွင်းရတာပါ။ အသုတ်တစ်သုတ်မှာ တင်သွင်းရမယ့်ပမာဏကိုတော့ တာဝန်ရှိသူများက သတ်မှတ်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ်အတွက် သတ်မှတ်ထားတဲ့ တင်သွင်းရမယ့်ရေနံစိမ်းပမာဏစုစုပေါင်းက တန်ချိန် ၁၃၂ တန်အထိ ရှိလာပါပြီ။ ဒီပမာဏဟာ ပြီးခဲ့တဲ့နှစ် အလားတူကာလသတ်မှတ်ပမာဏဖြစ်တဲ့ ရေနံစိမ်းတန်ချိန် ၁၀၉ သန်းထက် များစွာ မြင့်မားနေတာကိုတွေ့ရပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း နယ်စပ်များကိုပြန်ဖွင့်လိုက်ခြင်းက ဇန်နဝါရီ ၉ ရက်မှာ ကမ္ဘာ့စက်သုံးဆီဈေးကို ၃ ရာခိုင်နှုန်းအထိ မြင့်တက်သွားစေပါတယ်။ ဒ့ါအပြင် လာမည့်သီတင်းပတ်များအတွင်းမှာ တရုတ်နှစ်သစ်ကူးကာလကလည်း ရှိနေသေးတဲ့အတွက် ခရီးသွားလာမှုတွေက ပိုမိုများပြားလာမှာဖြစ်တာကြောင့် စက်သုံးဆီဝယ်လိုအားနဲ့အတူ စက်သုံးဆီဈေးနှုန်းကလည်း ပိုမိုမြင့်တက်လာနိုင်ပါတယ်။ ဒါတင်မကသေးပါဘူး။ တရုတ်နိုင်ငံအနေနဲ့ စက်သုံးဆီဝယ်လိုအားမြင့်တက်လာနိုင်စေတဲ့ နောက်ထပ်အကြောင်းရင်းတစ်ခုရှိပါတယ်။

အဲဒါကတော့ တရုတ်တာဝန်ရှိသူတွေက ပုဂ္ဂလိကရေနံချက်စက်ရုံများအနေနဲ့ ဒီနှစ်အတွင်း ပထမအသုတ်အနေနဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ တန်ချိန်စုစုပေါင်း ၁၈ ဒသမ ၉၉ သန်းအထိ တင်ပို့ရောင်းချခွင့်ပြုထားခြင်းပါပဲ။ တရုတ်နိုင်ငံအနေနဲ့ ၂၀၂၂ ခုနှစ်တုန်းက အလားတူ တင်ပို့ရောင်းချခွင့်ပြုမှု ပထမအသုတ်မှာ တန်ချိန် ၁၃ သန်းသာခွင့်ပြုထားတာကြောင့် ဒီနှစ်ရဲ့ပထမအသုတ် ခွင့်ပြုမှုမှာတော့ ၄၆ ရာခိုင်နှုန်းမြင့်မားနေတာကိုတွေ့ရပါတယ်။

**Ref: Oilprice**

**Source:** https://www.myawady.net.mm/node/35238

## ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွားအခြေအနေ

ဂျာမနီနိုင်ငံတွင် Federal Office of Statistics (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၂ခုနှစ် နိုဝင်ဘာလတွင် (၁၀) ရာခိုင်နှုန်းမှ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလတွင် (၈.၆) ရာခိုင်နှုန်းသို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။ ၂၀၂၂ခုနှစ် တစ်နှစ်လုံးအနေဖြင့် (၇.၉) ရာခိုင်နှုန်းသို့ရောက်ရှိခဲ့ပြီး ၁၉၉၀ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးစံချိန်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ (၃.၁) ရာခိုင်နှုန်းရှိခဲ့ပါသည်။ စွမ်းအင်ဈေးနှုန်းနှင့် စားသောက်ကုန်ဈေးနှုန်းမှာ ၂၀၂၁ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် (၂၄.၄)ရာခိုင်နှုန်းနှင့် (၂၀.၇) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပါသည်။ မြူးနစ်မြို့အခြေစိုက် စီးပွားရေးသုတေသနအဖွဲ့ IFO က ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၃ ခုနှစ်အတွင်း မူလခန့်မှန်းထားသည့် ပျမ်းမျှ(၇.၈)ရာခိုင်နှုန်းမှ (၆.၄) ရာခိုင်နှုန်းသို့ ရောက်ရှိလာနိုင်ကြောင်း၊ ခန့်မှန်းထားရှိပြီး ဂျာမန်ကောင်စီ စီးပွားရေးပညာရှင် Ms.Monika Schnitzer က ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၄ ခုနှစ်အထိ ဖြေရှင်းရမည့်အချက်တစ်ခုအဖြစ် ရှိနေနိုင်ပြီးနောက်ပိုင်း မူလခန့်မှန်းမျှော်လင့်ထားသည့် ၂ ရာခိုင်နှုန်းဝန်းကျင် အခြေအနေသို့ ပြန်လည်ရောက်ရှိလာနိုင်ကြောင်း သုံးသပ်ပြောကြားထားပါသည်။

ဂျာမနီနိုင်ငံတွင် ၂၀၂၂ခုနှစ်အတွင်း အလုပ်လုပ်ကိုင်သူဦးရေမှာ ပျမ်းမျှ (၄၅.၆)သန်းရှိပြီး ၁၉၉၀ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်လာကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် အများဆုံးဖြစ်လာကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် အလုပ်လုပ်ကိုင်သူဦးရေမှာ (၀.၈) ရာခိုင်နှုန်းအားဖြင့် ကျဆင်းခဲ့ခြင်းရှိပြီး၊ ၂၀၂၁ ခုနှစ်အတွင်း (၀.၁) ရာခိုင်နှုန်းသာ တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ စက်မှုလုပ်ငန်းကဏ္ဍထုတ်လုပ်မှုမှာ နိုဝင်ဘာလတွင် အောက်တိုဘာလထက် (၀.၂) ရာခိုင်နှုန်းအားဖြင့် တိုးတက်လာခဲ့ကြောင်း၊ အိမ်ယာအဆောက်အဦ ဆောက်လုပ်မှုဈေးနှုန်းများမှာ ၂၀၂၁ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် (၁၆.၉) ရာခိုင်နှုန်းအားဖြင့် မြင့်တက်လာခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းသီးစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်အတွင်း တန်ချိန်ပေါင်း (၁.၁)သန်း စိုက်ပျိုးထွက်ရှိခဲ့ရာ ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ပျမ်းမျှစိုက်ပျိုးထွက်ရှိမှုများထက် (၁၀.၃) ရာခိုင်နှုန်း ပိုမိုထွက်ရှိခဲ့ကြောင်း၊ နွေဦးရာသီအတွင်း သစ်သီးများကောင်းစွာဖြစ်ထွန်းခဲ့ပြီး ရာသီဥတုကောင်းမွန်မှုနှင့် ရောဂါပိုးမွှားကျရောက်မှု နည်းပါးခြင်းတို့ကြောင့် ဖြစ်ကြောင်း Federal Office of Statistics (Destatis) က ထုတ်ပြန်ထားပါသည်။

ကုန်သွယ်မှုပိုင်းအနေဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပို့ကုန်ပိုင်းတွင် ပို့ကုန်တန်ဘိုး ယူရို(၁၃၅.၁)ဘီလီယံရှိခဲ့ရာ ၂၀၂၁ ခုနှစ် ကာလတူထက် (၁၃.၃) ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ကြောင်း၊ သွင်းကုန်ပိုင်းတွင် သွင်းကုန်တန်ဘိုး ယူရို(၁၂၄.၄) ဘီလီယံရှိခဲ့ရာ ၂၀၂၁ခုနှစ် ကာလတူထက် (၁၄.၇) ရာခိုင်နှုန်း ပိုမိုတိုးတက်ရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလအတွက် ကုန်သွယ်မှုပိုငွေ ယူရို(၁၀.၈) ဘီလီယံရရှိခဲ့ကြောင်း၊ ပို့ကုန်သွင်းကုန်ပိုင်းတွင် အီးယူပြင်ပနိုင်ငံများအနက် အမေရိကန်၊ တရုတ်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံတို့နှင့် အများဆုံးကုန်သွယ်မှုပြုခဲ့ကြောင်း၊ သွင်းကုန်ဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် အောက်တိုဘာလထက် (၄.၅)ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ကာလတူထက် (၁၄.၅) ရာခိုင်နှုန်း ပိုမို မြင့်တက်ခဲ့ကြောင်း၊ ပို့ကုန်ဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် အောက်တိုဘာလထက် (၀.၅)ရာခိုင်နှုန်း ကျဆင်းလာခဲ့ပြီး ၂၀၂၁ ခုနှစ် ကာလတူထက် (၁၁.၆) ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း၊ Federal Statistical Office (Destatis) က ထုတ်ပြန်ထားပါသည်။

ယူရိုဇုန်ဒေသစီးပွားရေးအခြေအနေသုံးသပ်မှုအနေဖြင့် စီးပွားရေးကျဆင်းမှုသည် ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ စပိန်နိုင်ငံများအပါအဝင် အီးယူအဖွဲ့ဝင်နိုင်ငံများရှိ စီးပွားရေးညွှန်းကိန်းများကို လေ့လာချက်အရ မူလခန့်မှန်းမျှော်လင့်ထားသည်ထက် အနည်းငယ်လျော့ပါးလာနိုင်ဖွယ်ရှိကြောင်း၊ S&P Global Market Intelligence မှ အကြီးတန်းစီးပွားရေးပညာရှင် Joe Hayes က ထုတ်ဖော်ပြောကြားထားပါသည်။

**Source: https://www.dw.com/en/germany-inflation-falls-below-9-in-december/a-64271736**

**https://www.dw.com/en/eurozone-economic-downturn-milder-than-expected-report/a-64284565**

**https://www.destatis.de/EN/Press/2023**

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94

## မန္တလေးကုန်စည်ဒိုင်တွင် ပဲကြီးဈေးမြင့်လာ

ဇန်နဝါရီလ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ပဲကြီးအသစ်များ မန္တလေးအနီးတဝိုက် ပဲစိုက်ပျိုးရာဒေသများမှ ဝင်ရောက်လျှက်ရှိပြီး၊ ပြည်တွင်းလက်ဖက် ပဲကြော်၊ ပဲလှော်ဖိုများမှ ဝယ်ယူလျက်ရှိကြောင်း၊ ယခင်လထက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀ မှ ကျပ် ၄၅၀၀၀ ထိမြင့်တက်လာခဲ့ကြောင်းသိရသည်။

ပဲကြီး (ကြီး) ၅၅.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၅၀၀၀ မှ၂၇၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၅၀၀၀၀ မှ ၂၅၅၀၀၀ ၊ ယခင်လ ကျပ် ၂၂၀၀၀၀ မှ ၂၃၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀၊ ယခင်လထက် ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀ မြင့်တက်လာသည်။

ပဲကြီး (လတ်) ၅၅.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၃၅၀၀၀ မှ၂၄၀၀၀၀၊ ယခင်လ ကျပ် ၂၁၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ ၊ ယခင်လထက် ကျပ် ၄၅၀၀၀ မြင့်တက်လာသည်။

ပဲကြီး (သေး) ၅၅.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၄၅၀၀၀ မှ ၂၅၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၂၀၀၀၀ မှ ၂၃၀၀၀၀၊ ယခင်လ ကျပ် ၂၀၀၀၀၀ မှ ၂၀၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀၀ မှ ၂၅၀၀၀၊ ယခင်လထက် ကျပ် ၄၅၀၀၀ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဇဟိုဌာန**

## တရုတ်နိုင်ငံကို တင်ပို့ခွင့်ရပြီဖြစ်တဲ့အတွက် ငရုတ်ဈေးကောင်းရဖို့ တောင်သူတွေမျှော်လင့်နေ




လက်ရှိမှာ မြန်မာနိုင်ငံထွက် အရည်အသွေးမြင့် ငရုတ်သီးစိမ်းတွေကို တရုတ်နိုင်ငံဘက်က တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်တဲ့အတွက် ငရုတ်ဈေးကောင်းရဖို့ တောင်သူတွေအနေနဲ့ မျှော်လင့်နေတယ်လို့ ဆိုပါတယ်။

"ဟိုနေ့ကတည်းက သတင်းတွေကြားတော့ ပျော်နေတာ။ အခု တရုတ်ကပြန်ပို့ခွင့်ပြုပြီဆိုတော့ ကျွန်တော်တို့လို စီးပွားဖြစ် ကေများများ စိုက်တဲ့သူတွေအတွက် သတင်းကောင်းပဲလေ။ အခုက ရန်ကုန်တို့၊ မန္တလေးတို့လို ပြည်တွင်းဈေးကွက်ကိုပဲ အဓိက ပို့နေရတယ်။ အမျိုးအစားပေါ်မူတည်ပြီး တစ်ပိဿာ ၂၈၀၀ ကနေ ၃၀၀၀ ကျော် အထက် ပေါက်ဈေးတော့ရှိတယ်။ ဒီထက်တော့ ဈေးကောင်းပိုရဖို့မျှော်လင့်တယ်"လို့ မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်း ငရုတ်ကေ ဆယ်ချီ စိုက်ထားတဲ့ တောင်သူတစ်ဦးကပြောပါတယ်။

မကွေး၊ ဧရာဝတီနဲ့မန္တလေးတဝိုက်မှာ ဒီရက်ပိုင်း ငရုတ်သီးစိမ်းပေါက်ဈေးတွေ မြင့်တက်လာနေပြီး ကုန်သည်တွေ ကိုယ်တိုင် အခင်းတွေထိဆင်းဝယ်ကြတဲ့ အခြေအနေဖြစ်နေတယ်လို့ ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်အတွင်းက ငရုတ်ကုန်သည်တွေက ပြောပါတယ်။ "အခုက တရုတ်ဘက်ကဖွင့်ပြီဆိုတော့ ကုန်များများလိုတယ်လေ။ အဲ့ဒါကြောင့် ဆင်းဝယ်နေကြတာပါ။ ဈေးကတော့ ဟိုဘက်က ဝယ်လိုအားပေါ်မူတည်တာပေ့ါ။ အရင်လိုပြန်ဖြစ်ရင်တော့ တောင်သူတွေအတွက် ပိုအဆင်ပြေလာမှာပါ "လို့ အမည်မဖော်လိုတဲ့ ကုန်သည်တစ်ဦးက ဆိုပါတယ်။

၂၀၂၀ ခုနှစ်လောက်ကစပြီး တရုတ်ကို ငရုတ်တင်ပို့ခွင့်မရတဲ့အတွက် ပြည်တွင်း ငရုတ်စိုက်တောင်သူတွေအနေနဲ့ ထိုင်းနိုင်ငံနဲ့ ပြည်တွင်းဈေးကွက်ကိုသာ အားကိုးခဲ့ရပြီး နှစ်စဉ် ငရုတ်သီးစိမ်းတစ်ပိဿာ ကျပ် ၇၀၀၀ နဲ့ ၈၀၀၀ ကျပ် ရရှိခဲ့ရာကနေ တရုတ်ကို တင်ပို့ခွင့်မရတဲ့နောက်ပိုင်း တစ်ပိဿာ ကျပ် ၂၅၀၀ ဝန်းကျင်သာ ရရှိခဲ့တာဖြစ်တယ်လို့ တောင်သူတွေဆီက သိရပါတယ်။

မြန်မာနိုင်ငံမှာတော့ ငရုတ်ကို ဧရာဝတီတိုင်းအတွင်းက မအူပင်၊ ဟင်္သာတ၊ ညောင်တုန်းမြို့နယ် အနီးတဝိုက်က ဒေသတွေနဲ့ မန္တလေးတိုင်းအတွင်းက ရမည်းသင်း၊ ကျောက်ဆည် အနီးတဝိုက်ကဒေသတွေမှာ အဓိကစီးပွားဖြစ်စိုက်ကြသလို မကွေးတိုင်းအတွင်းက မင်းဘူးနဲ့နတ်မောက်မြို့အနီးတဝိုက်ဒေသတွေမှာလည်း ကေဆယ်နဲ့ချီ စိုက်ပျိုးကြတာတွေ့ရပါတယ်။ (ဤဆောင်းပါးကိုOpinion Leaders မှကူးယူဖော်ပြပါသည်။

**Source:** http://download.htwettoe.com/

# STOCK EXCHANGE (11.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 11th Jan. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,982 (Shares) | 10,891,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,600 | 8,600 | 8,600 | 820 | 7,052,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,250 | 3,350 | 3,250 | 511 | 1,686,750 | 38,929,150 | 128,466 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,008 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 174 | 452,450 | 12,823,224 | 33,982 |
| EFR | 00006 | 2,600 | -150 | -5.45% | 2,600 | 2,600 | 2,600 | 277 | 720,200 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 200 | 980,000 | 10,497,598 | 51,438 |

## Market summary

As of 11th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.62 | -4.98 | -1.27% | 388.46 | 388.74 | 386.13 | 1,982 | 10,891,400 | 7 | 674,311 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 11th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 1,982 (Shares) | 10,891,400 (MMK) |

## Main Board

As of 1:00 pm, 11th Jan. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,982 (Shares) | 10,891,400 (MMK) |

| MYANPIX | 387.62 ▼ 4.98 |
|---|---|
| Total Volume (shares) | 1,982 |
| Total Value (MMK) | 11 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,311 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,600 | ▼ 150 |
| AMATA | 00007 | 4,900 | ▼ 100 |